# ၁။အချိုးကျကိုယ်စားပြုစနစ်

အချိုးကျကိုယ်စားပြုစနစ်ဆိုသည်မှာ ပါတီတစ်ခုမှ တစ်နိုင်ငံလုံးရရှိသည့် မဲအရေအတွက်နှင့် ယင်းပါတီမှရမည့် အမတ်အရေအတွက်ကို တတ်နိုင်သမျှ အချိုးညီမျှစေရန် ဆောင်ရွက် ပေးသည့် ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်များ အားလုံးကို ကျော ထောက်နောက်ခံပြုထားသည့် အကြောင်းအရင်းတစ်ခုမှာ ပါတီတစ်ခုမှ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် အနိုင်ရသောမဲနှင့် ယင်းပါတီက လွှတ်တော်အတွင်း ရရှိသော ကိုယ်စားလှယ် နေရာ အချိုးအစား ကွာဟချက်ကို ဂရုတစိုက် လျှော့ချရန်ဖြစ်သည်။ ဥပမာ အဓိကပါတီကြီးတစ်ခု သည် ဆန္ဒမဲ၏ ၄၀%ကို ရရှိသည့်အခါ ထိုပမာဏနှင့် ညီမျှသော အမတ်နေရာ၄၀%ကို ရရှိမည်ဖြစ်သည်။ ထို့အတူ ပါတီငယ်တစ်ခုသည် ဆန္ဒမဲ၁၀%ကိုအနိုင်ရလျှင် လွှတ်တော်ကိုယ်စားလှယ် နေရာ၏၁၀%ကိုရရှိမည်ဖြစ်သည်။

(၁.၁)အချိုးကျကိုယ်စားပြုစနစ်များ

အချိုးကျကိုယ်စားပြုစနစ်၏ အမျိုးအစားများမှာ-

(က) စာရင်းအလိုက်အချိုးကျကိုယ်စားပြုစနစ်(List Proportional Representation)

(ခ) လွှဲပြောင်း၍ရသောတစ်မဲတည်းပေးစနစ်(Single Transferable Vote)

(ဂ)ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ်(Mixed Member Proportional) တို့ဖြစ်သည်။ ယင်းအချိုးကျ ကိုယ်စားပြုစနစ်အားလုံးတွင် ကိုယ်စားလှယ်တစ်ဦးထက် ပိုရွေး ချယ်သည့် မဲဆန္ဒနယ် (Multi-member districts) များရှိရန် လိုသည်။ မဲဆန္ဒနယ်တစ်ခုမှ ကိုယ်စားလှယ်များ ရွေးချယ်ရလေလေ ရွေးကောက်ပွဲစနစ်သည် အချိုးကျမှု ရှိလေလေသာ ဖြစ်သည်။ အချိုးကျ ကိုယ်စားပြုစနစ်သည် ပါတီများကြား ရွေးချယ်မှုပြုရမည်လော၊ ကိုယ်စား လှယ်လောင်းတစ်ဦးချင်းစီအကြား (သို့) နှစ်ဦးစလုံးအကြား ရွေးချယ်မှု ပြုလုပ်ရမည်လော ဟူသော မဲဆန္ဒရှင်များကို ပေးအပ်ထားသည့် ရွေးချယ်မှု အတိုင်းအတာလိုက်၍ ကွဲပြားမှု ရှိပါသေးသည်။ အချိုးကျကိုယ်စားပြုစနစ်များတွင် အောက်ပါယေဘုယျ အားသာချက်နှင့် အားနည်းချက်များကို တွေ့ရှိရပါသည်။

အားသာချက်များ

(က) ဆန္ဒမဲများကို ကိုယ်စားလှယ်နေရာများအဖြစ် မှန်မှန်ကန်ကန် ကူးပြောင်းပေးနိုင်ခြင်း ကြောင့် မျှတခြင်းမရှိ၍ တည်ငြိမ်မှုပျက်ပြားစေသော ရလဒ်များကို ရှောင်ရှားနိုင်သည်။ ပါတီကြီးများအနေဖြင့် အပိုဆုအနေဖြင့်ရတတ်သည့် ကိုယ်စားလှယ်နေရာများ လျော့နည်း သွားပြီး ပါတီငယ်များအနေဖြင့်လည်း ဆန္ဒမဲအနည်းငယ်ရရုံမျှဖြင့် လွှတ်တော်အတွင်းသို့ တက် လှမ်းခွင့် ရှိသွားသည်။

(ခ) စိတ်တူကိုယ်တူရှိသော ကိုယ်စားလှယ်များပါဝင်သည့် ပါတီများ(သို့) အသင်းအဖွဲ့များအား အမည်စာရင်း ပေးသွင်းစေခြင်းဖြင့် ယင်းပါတီအသင်းအဖွဲ့များ ဖြစ်ပေါ်လာမှုကို အားပေး အားမြှောက် ပြုသည်။

(ဂ) အလဟဿဖြစ်သွားသော မဲအရေအတွက်ကို အလွန်နည်းပါးသွားစေသည်။ လွှတ်တော် တွင် နေရာရရှိရန် အနည်းဆုံးရရှိရမည့် လူထုထောက်ခံမှု အဆင့်သတ်မှတ်ချက် လျော့ကျ သွားသည့်အခါ ရွေးချယ်ထားသည့် ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ပေး နိုင်ရန် သက်ရောက်မှုရှိသွားစေသည်။ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ပေးထားသော ဆန္ဒမဲ သည် ရွေးကောက်ပွဲရလဒ်ပေါ်တွင် ပြောင်းလဲမှုရှိစေသည်ကို ယုံကြည်မှု ပိုမိုခိုင်မာလာစေ သဖြင့် ရွေးကောက်ပွဲကျင်းပချိန်၌ မဲရုံသို့သွားရောက်မဲထည့်ရခြင်းသည် တန်ဖိုးရှိသည်ဟူ သော မဲဆန္ဒရှင်၏အမြင်ကို ရင့်သန်စေသည်။

(ဃ) ပါတီငယ်များလွှတ်တော်တွင် ကိုယ်စားပြုခွင့်ရရန် ဆောင်ကြဉ်းပေးနိုင်သည်။ ဤအချက် သည် ကွဲပြားမှုရှိနေသော လူ့အဖွဲ့အစည်းများ တည်ငြိမ်ရေးတွင် အလွန်တရာ အရေးကြီးသည့် ‘အားလုံးပါဝင်ရေးမူ’ကိုဖော်ဆောင်ရာရောက်သည့်အပြင် အခြေခိုင်ပြီးဖြစ်သည့် ဒီမိုကရေစီ နိုင်ငံများတွင်လည်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် အကျိုးဖြစ်ထွန်းစေနိုင်သည်။

(င) အချိုးကျကိုယ်စားပြုစနစ်များ၏ ဆွဲဆောင်မှုတစ်ခုမှာ ဆန္ဒမဲများ မည်သည့်နေရာမှရရှိ လာသည်ကို အဓိကမထားဘဲ ဆန္ဒမဲစုစုပေါင်းအရေအတွက် များပြားစေရေးကိုသာ အလေး ထား

ဆောင်ရွက်သဖြင့် လူထုထောက်ခံမှု အားနည်းသော ဒေသပင်ဖြစ်စေ ဆန္ဒမဲတိုင်းသည် နောက်ထပ်ကိုယ်စားလှယ်နေရာ ရရှိရန်ဆောင်ကြဉ်းပေးနိုင်သည်။

(စ) 'ဒေသတွင်းလက်ဝါးကြီးအုပ်မှု'[1] (Regional Fiefdoms) များ ကြီးထွားလာခြင်းကို ကန့်သတ်ပေးသည်။ အချိုးကျကိုယ်စားပြုစနစ်သည် ပါတီငယ်များကို ကိုယ်စားလှယ်နေရာ အနည်းဆုံး ရရှိစေသဖြင့် ပါတီတစ်ခုတည်းမှ သက်ဆိုင်ရာခရိုင် သို့မဟုတ် စီရင်စုအတွက် ကိုယ်စားလှယ်နေရာအားလုံးကို ချုပ်ကိုင်ထားသည့် အခြေအနေအား နည်းပါးသွားစေခြင်း ကြောင့် ဒေသတွင်း အခွင့်အာဏာရရှိရန် အခြေအနေမရှိသော ပါတီငယ်များအတွက် အထူး အရေးကြီးပါသည်။

(ဆ) မူဝါဒစဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲမှုကို ဦးတည်စေသည်။အချိုးကျကိုယ်စားပြုစနစ်တွင် အားလုံးပါဝင်သည့် ညွန့်ပေါင်းအစိုးရများ တည်ရှိခြင်းကြောင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် တည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်စေသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ထွန်း စေနိုင်သည်။

(ဇ) ဒီမိုကရေစီအသုံးပြုစ နိုင်ငံများစွာတွင် နိုင်ငံရေးအာဏာရရှိထားသည့် လူအများစုနှင့် စီးပွါးရေးအာဏာကို ချုပ်ကိုင်ထားကြသည့် လူနည်းစုတို့ကြား ယင်းအဖွဲ့အစည်းနှစ်ခုကြား ပြုလုပ်ကြသော စေ့စပ်ညှိနှိုင်းမှုများသည် ထင်သာမြင်သာရှိမှု၊ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံ နိုင်မှုနည်းပါးခြင်းတို့ ဖြစ်ပေါ်လေ့ရှိပါသည်။အချိုးကျကိုယ်စားပြုစနစ်အရ လွှတ်တော်ထဲ၌ အကျိုးမျှော်အုပ်စုများ အပါအဝင် လူ့အဖွဲ့အစည်း၏ ကိုယ်စားပြုသူများကို ပိုမိုပါဝင်လာစေ သဖြင့် ဆုံးဖြတ်ချက်များကို ပြည်သူများ၏ မျက်စိရှေ့တွင်ပင် ချမှတ်ကြရသည်။

---

[1] IDEA, ရွေးကောက်ပွဲစနစ်ဒီဇိုင်း နိုင်ငံတကာIDEA လက်စွဲစာအုပ်သစ်၊ ၂၀၀၈ခုနှစ်၊ သွန်းနဒီပုံနှိပ်တိုက်၊ စာမျက်နှာ ၈၉။

အားနည်းချက်များ

(က) ညွန့်ပေါင်းအစိုးရအဖွဲ့များရှိခြင်းသည် အပြန်အလှန်အားဖြင့် ဥပဒေပြုရေးကိစ္စတွင် အတားအဆီးတစ်ခုဖြစ်နေတတ်ပြီး သဟဇာတဖြစ်သော မူဝါဒများချမှတ်ရန် အခက်အခဲဖြစ်စေတတ်သည်။

(ခ) အချိုးကျ ကိုယ်စားပြုစနစ်သည် ပါတီစနစ်၏ တည်ငြိမ်မှုကို ပျက်ယွင်းစေပြီး အစိတ်စိတ်အမွှာမွှာ ကွဲပြားစေရန်လည်း အားပေးအားမြှောက်ပြုသည်။ ထို့ကြောင့် အချိုးကျကိုယ်စားပြုစနစ်၏ အားလုံးပါဝင်ရေးမူသည်၎င်းစနစ်၏ အားနည်းချက်တစ်ခုလည်းဖြစ်သည်။

(ဂ) အချိုးကျ ကိုယ်စားပြုစနစ်သည် အစွန်းရောက်ပါတီများအတွက် ခြေကုပ်ယူစရာ အုပ်မြစ်သဖွယ် ဖြစ်စေသည်။

(ဃ) မူဝါဒအခြေခံအားဖြင့်သော်လည်းကောင်း သို့မဟုတ် ထောက်ခံမှုအခြေခံအားဖြင့်သော်လည်းကောင်း တူညီသောရပ်တည်ချက် လုံလောက်စွာမရှိဘဲနှင့် အုပ်ချုပ်သူညွန့်ပေါင်းအစိုးရများ ကို ဖြစ်ပေါ်စေသည်။

(င) ပါတီငယ်များအား အချိုးအစားမမျှတသဖြင့် အခွင့်အာဏာများစွာကိုရရှိစေနိုင်သည်။ ပါတီကြီးများအား ၎င်းတို့ထက်မယှဉ်သာအောင် သေးငယ်သည့် လူထု ဆန္ဒမဲ ရာခိုင်နှုန်းအနည်းငယ်သာ ရခဲ့သော ပါတီများနှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရများ ဖွဲ့စည်းစေသာအခါ ယင်းပါတီငယ်များသည် ပါတီကြီးများ အဆိုတင်သွင်းသမျှ ပယ်ချနိုင်ခွင့်ရှိသွားသည်။

(စ) အချိုးကျ ကိုယ်စားပြုစနစ်အရဆိုလျှင် အသင့်အတင့်အရွယ်အစားရှိသော ပါတီတစ်ခု ကို အာဏာမှဖယ်ရှားရန် အလွန်ခက်ခဲနိုင်သည်။ အစိုးရများသည် မကြာခဏ ညွန့်ပေါင်း အစိုးရများ ဖွဲ့စည်းနေရသောအခါ အချို့နိုင်ငံရေးပါတီများသည် အစိုးရသက်တမ်း တစ်လျှောက် ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ စွမ်းဆောင်မှုများ အားနည်းနေခဲ့သော်လည်း အစိုးရအဖွဲ့တွင် အမြဲပါဝင်နေတတ်သည်။

(ဆ) ရွေးကောက်ပွဲ အုပ်ချုပ်သူများအတွက် အချိုးကျ ကိုယ်စားပြုစနစ်၏ ရှုပ်ထွေးသော စည်းမျဉ်းများကို အကောင်အထည်ဖော်ရန် ခက်ခဲစေရုံသာမက မဲဆန္ဒရှင်များအတွက်လည်း နားလည်ရန် ခက်ခဲစေသည်။ ထို့ကြောင့် မဲဆန္ဒရှင် ပညာပေးအစီအစဉ်များ ပို၍လိုအပ်ပြီး၊ မဲရုံဝန်ထမ်းများ အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လေ့ကျင့် သင်တန်းပေးမှုများ ပြုလုပ်ရန်လိုသည်။

ဇယား၁— List PR စနစ်ကိုအသုံးပြုခဲ့/နေသောနိုင်ငံများ၏အမည်စာရင်း[2]

| စဉ် | နိုင်ငံအမည် | အသုံးပြုသောရွေးကောက်ပွဲစနစ် |
|---|---|---|
| ၁။ | Albania | Party list |
| ၂။ | Algeria | Party list |
| ၃။ | Angola | Party list |
| ၄။ | Austria | Party list, 4% threshold |
| ၅။ | Argentina | Party list |
| ၆။ | Aruba | Party list |
| ၇။ | Belgium | Party list, 5% threshold |
| ၈။ | Bosnia and Herzegovina | Party list |
| ၉။ | Brazil | Party list |
| ၁၀။ | Bulgaria | Party list, 4% threshold |
| ၁၁။ | Burkina Faso | Party list |
| ၁၂။ | Burundi | Party list |
| ၁၃။ | Cambodia | Party list |
| ၁၄။ | Cape Verde | Party list |
| ၁၅။ | Colombia | Party list |
| ၁၆။ | Costa Rica | Party list |
| ၁၇။ | Croatia | Party list, 5% threshold |
| ၁၈။ | CuraÇao | Party list |
| ၁၉။ | Cyprus | Party list |
| ၂၀။ | Czech Republic | Party list, 5% threshold |
| ၂၁။ | Denmark | Party list |
| ၂၂။ | Dominican Republic | Party list |
| ၂၃။ | Equatorial Guinea | Party list |
| ၂၄။ | Estonia | Party list, 5% threshold |
| ၂၅။ | Finland | Party list |
| ၂၆။ | Guinea-Bissau | Party list |
| ၂၇။ | Guyana | Party list |

[2]List of countries using proportional representation, Available from:http://en.wikipedia.org/wiki/Proportional_representation[accessed[accessed 5 May 2014]

| | | |
|---|---|---|
| ၂၈။ | Hong Kong | Party list |
| ၂၉။ | Iceland | Party list |
| ၃၀။ | Indonesia | Party list |
| ၃၁။ | Iraq | Party list |
| ၃၂။ | Israel | Party list, 2% threshold |
| ၃၃။ | Italy | Party list, 4% threshold |
| ၃၄။ | Latvia | Party list, 5% threshold |
| ၃၅။ | Liberia | Party list |
| ၃၆။ | Liechtenstein | Party list, 8% threshold |
| ၃၇။ | Lithuania | |
| ၃၈။ | Luxembourg | Party list |
| ၃၉။ | Macedonia[1][dead link] | |
| ၄၀။ | Moldova | Party list |
| ၄၁။ | Montenegro[2] | Party list |
| ၄၂။ | Morocco | Party list, 6% threshold |
| ၄၃။ | Namibia | Party list |
| ၄၄။ | Nepal | Party list |
| ၄၅။ | Netherlands | Party list |
| ၄၆။ | New Caledonia | Party list |
| ၄၇။ | Nicaragua | Party list |
| ၄၈။ | Norway | Party list |
| ၄၉။ | Paraguay | Party list |
| ၅၀။ | Peru | Party list |
| ၅၁။ | Poland | Party list, 5% threshold |
| ၅၂။ | Portugal | Party list |
| ၅၃။ | Russia | Party list, 7% threshold |
| ၅၄။ | San Marino | Party list |
| ၅၅။ | Sao Tome and Principe | Party list |
| ၅၆။ | Serbia | Party list |
| ၅၇။ | Sint Maarten | Party list |
| ၅၈။ | Slovakia | Party list, 5% threshold |
| ၅၉။ | Slovenia | Party list, 4% threshold |
| ၆၀။ | South Africa | Party list |
| ၆၁။ | Spain | Party list, 3% threshold in small constituencies |
| ၆၂။ | Sri Lanka | Party list |
| ၆၃။ | Suriname | Party list |
| ၆၄။ | Sweden | Party list, 4% national threshold or 12% in a district |
| ၆၅။ | Switzerland | Party list |
| ၆၆။ | Tunisia | Party list |
| ၆၇။ | Turkey | Party list, 10% threshold |
| ၆၈။ | Uruguay | Party list |
| ၆၉။ | Wallis and Futuna | Party list |

ဇယား ၂— STV စနစ်ကိုအသုံးပြုခဲ့/နေသောနိုင်ငံများ၏အမည်စာရင်း[3]

| စဉ် | နိုင်ငံအမည် | အသုံးပြုသောရွေးကောက်ပွဲစနစ် |
|---|---|---|
| ၁။ | Northern Ireland | Single Transferable Vote |
| ၂။ | Malta | Single Transferable Vote |
| ၃။ | Ireland | Single Transferable Vote (For Dáil only) |
| ၄။ | Australia | For Senate only, Single Transferable Vote |
| ၅။ | India | For Upper House (Rajya Sabha) only, Single Transferable Vote by State Legislatures |

ဇယား၃- — MMP စနစ်ကိုအသုံးပြုခဲ့/နေသောနိုင်ငံများ၏အမည်စာရင်း[4]

| စဉ် | နိုင်ငံအမည် | အသုံးပြုသောရွေးကောက်ပွဲစနစ် |
|---|---|---|
| ၁။ | Hungary | Mixed member proportional |
| ၂။ | Japan | Mixed member proportional |
| ၃။ | Lesotho | Mixed member proportional |
| ၄။ | Mexico | Mixed member proportional |
| ၅။ | New Zealand | Mixed member proportional, 5% threshold |
| ၆။ | Romania | Mixed member proportional, 5% threshold |
| ၇။ | South Korea | Mixed member proportional, 3% (or 5 district winners) threshold |
| ၈။ | Taiwan | Mixed member proportional |

[3] List of countries using proportional representation, Available from:http://en.wikipedia.org/wiki/Proportional_representation[accessed[accessed 5 May 2014]
[4] List of countries using proportional representation, Available from:http://en.wikipedia.org/wiki/Proportional_representation[accessed[accessed 5 May 2014]

| | | |
|---|---|---|
| ၉။ | Thailand | Mixed member proportional |
| ၁၀။ | Venezuela | Mixed member proportional |
| ၁၁။ | Bolivia | Mixed member proportional |
| ၁၂။ | Democratic Republic of the Congo | Mixed member proportional |
| ၁၃။ | Germany | Mixed member proportional, 5% (or 3 district winners) threshold |

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တစ်ပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် (သို့) ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် (သို့) သတင်းအချက်အလက်များအား လိုအပ်ပါက အရည်အသွေး ပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသန ဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင် ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည်ဖြစ်ပါသည်။ အများပြည်သူနှင့်မျှဝေရန်မဟုတ်ပါ။